EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၉၆

မတ် ၃ ရက်၊ ၂၀၂၀

## ပြည်သူ့ဘဏ္ဍာဆုံးရှုံးမှုလျှော့ချမည့် ဥပဒေမူကြမ်း ရန်ကုန်တိုင်းလွှတ်တော်ရေးဆွဲ




**ဖေဖော်ဝါရီ ၁၆၊ ၂၀၂၀**

ရန်ကုန်တိုင်းအစိုးရ၏ ပွင့်လင်းမြင်သာမှုမရှိသည့် ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲမှုနှင့် စီမံခန့်ခွဲမှုအလွဲများကြောင့် ဘဏ္ဍာငွေများ ဆုံးရှုံးနေမှုများကိုလျှော့ချရန် ဥပဒေမူကြမ်း တစ်ရပ်ရေးဆွဲလျက်ရှိကြောင်း ရန်ကုန်တိုင်း ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီ ဥက္ကဋ္ဌဒေါ်စန္ဒာမင်းက ဧရာဝတီသို့ပြောသည်။

သို့ဖြစ်ရာ "တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများနှင့် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း ဥပဒေ"ကို မူကြမ်းအဆင့် ရေးဆွဲထားပြီဖြစ်၍ ဥပဒေချုပ်ရုံးနှင့် တိုင်းလွှတ်တော်ဥပဒေကြမ်းကော်မတီတို့တွင် ဆွေးနွေးလျက်ရှိကြောင်း ဆွေးနွေးပြီးနောက် တိုင်းဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီသို့ ပြန်လည်ရောက်ရှိလာပါက စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး သဘောထားမှတ်ချက်များ တောင်းခံသွားမည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ဆောင်သည့်အခါတွင် လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ရေး၊ ကောင်းမွန်သည့်စီမံခန့်ခွဲရေး ဖြစ်ပေါ်လာရေး၊ တိုင်းအစိုးရပိုင် ပစ္စည်းများကို ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များ အဂတိကင်းရှင်းရေးအပြင် တစ်ဦးတစ်ယောက် သို့မဟုတ် အစုအဖွဲ့တစ်ခုခုကို လုပ်ငန်းများ ချထားပေးခြင်းကိစ္စ ထိန်းချုပ်နိုင်ရန် ဥပဒေကို ရေးဆွဲနေရခြင်းဖြစ်ကြောင်းလည်း ဒေါ်စန္ဒာမင်းက ရှင်းပြသည်။

အဆိုပါဥပဒေတွင် အများပြည်သူများ၏ ငွေများဖြင့်ရင်းနှီးမြှုပ်နှံသော အစိုးရလုပ်ငန်းများသည် ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိစေမည့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပေါ်လာစေရေးနှင့် ပြည်သူ့ဘဏ္ဍာငွေများဖြင့် တည်ထောင်ထားသော အစိုးရ၏ကုမ္ပဏီများကို တိုင်းစာရင်းစစ်ချုပ်က စစ်ဆေးပိုင်ခွင့်ရရှိရေးနှင့် လုပ်ငန်းဆောင်ရွက်နေသည့် ကိစ္စရပ်များကိုလည်း တိုင်းလွှတ်တော်သို့ တင်ပြရမည်ဆိုသည့် အခန်းကဏ္ဍများကိုလည်း ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။

လာမည့်ဖွန်လ၌ ကျင်းပမည့် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် အဆိုပါ "တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများနှင့် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း ဥပဒေ" ကို လွှတ်တော်သို့တင်ပြနိုင်ရန် တိုင်းဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီက ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏အစိုးရများသည် ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲရာ၌လိုက်နာဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များ ရှိထားပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအစိုးရ၏ လုပ်ရပ်တစ်ချို့သည် အဆိုပါ ပြဋ္ဌာန်းချက်များကိုလည်း ချိုးဖောက်ရာရောက်နေကြောင်း ၎င်းက ပြောဆိုသည်။

ရန်ကုန်တိုင်းအစိုးရ၏ ၂၀၁၆-၁၇ နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်များအတွက် ပြည်သူ့ဘဏ္ဍာငွေ အသုံးစရိတ်များကို တိုင်းစာရင်းစစ်ချုပ်က လေ့လာစစ်ဆေးထားသော အစီရင်ခံစာတွင် အစိုးရသည် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ မလုပ်ဆောင်ခြင်း၊ စီမံခန့်ခွဲမှုအလွဲများကြောင့် ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးခြင်း၊ လုပ်ပိုင်ခွင့်များကို ကျော်လွန်လုပ်ဆောင်ခဲ့ခြင်းနှင့် အဖွဲ့အစည်းတစ်ခု (သို့မဟုတ်) တစ်ဦးတစ်ယောက်ကို အထူးအခွင့်အရေးပေးထားသည့် ကိစ္စရပ်များ ပေါ်ပေါက်ခဲ့ သည်။

ကျူးကျော်များအတွက် အိမ်ရာအကောင်အထည်ဖော်ရန်အတွက် တည်ထောင်ထားသော Yangon Metropolitan Development (YMD) ကုမ္ပဏီသည် မူလရည်ရွယ်ချက်များကို အကောင်အထည်ဖော်မှု အားနည်းခြင်းနှင့် ထိုကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံထားသော ပြည်သူ့ဘဏ္ဍာငွေများကို ဘဏ္ဍာရေး စည်းမျဉ်းနှင့်မညီဘဲ အခြားကိစ္စရပ်များတွင် အသုံးပြုခဲ့ခြင်းသည် အထက်ပါကိစ္စရပ်များထဲမှ တစ်ခုဖြစ်သည်။

အဆိုပါ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများနှင့် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း ဥပဒေကို ပြဋ္ဌာန်းနိုင်ပါက ၂၀၂၀ ရွေးကောက်ပွဲအပြီး ထွက်ပေါ်လာမည့် ရန်ကုန်တိုင်းအစိုးရသည် ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲရာ၌ ထိုဥပဒေပါ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် အခြားစည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

**(ကိုးကား-https://burma.irrawaddy.com)**

# မွန်ပြည်နယ်က အသုံးချခြင်းမရှိသောမြေယာများ ပြန်လည်စိစစ်မည်

**ဖေဖော်ဝါရီ ၂၀၊ ၂၀၂၀**



မွန်ပြည်နယ်တွင်ခေတ်အဆက်ဆက်ကတည်းက လျှောက်ထားရယူ ထားသော မြေလွတ်မြေလပ်မြေရိုင်းများလက်တွေ့မှာအသုံးချခြင်းမရှိသည့်မြေယာများကို ပြန်လည် စိစစ်သွားမည်ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဦးထွန်းဌေးမှ ပြောသည်။

"ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲမှုကော်မတီအနေနဲ့ကလည်း ယခင်အဆက်ဆက်က ယူထားပြီးတော့ အမှန်တကယ်လည်း အသုံးချခြင်းမရှိတဲ့မြေတွေကို ဧကဘယ်လောက်ရှိလည်းဆိုတာကို စာရင်းအချက်အလက် သေချာတိကျစွာကောက်ယူထားပြီးလည်း ဖြစ်ပါတယ်။ အဲဒီထဲက အမှန်တကယ်မလုပ်တော့တဲ့ မြေလွတ်မြေလပ်မြေရိုင်းတွေကိုပြန်လည်သိမ်းဆည်းခဲ့တာတွေလည်း ရှိပါတယ်။ ဒါကြောင့် မြေလွတ်မြေလပ်မြေရိုင်းတွေကို လျှောက်ထားရယူထားပြီး ဘယ်လိုမှအသုံးချခြင်းမရှိတဲ့မြေတွေကို ပြန်လည်စိစစ်တဲ့ မည်သည့်အစီအစဉ်မျိုးနဲ့မဆို ပါဝင်ပေါင်းစပ်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟု ဦးထွန်းဌေးကပြောသည်။

ဖေဖော်ဝါရီလ ၁၉ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင်ဦး (ချောင်းဆုံ -၁) ၏ မွန်ပြည်နယ်အတွင်းရှိ မြေလွတ်မြေလပ်နှင့်မြေရိုင်းများအား လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိရေးအတွက် မည်ကဲ့သို့ခွင့်ပြုဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း ဆက်စပ်မေးခွန်းမေးမြန်းရာမှာ ဝန်ကြီးက ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဒေသခံပြည်သူများက မြေလွတ်မြေလပ်မြေရိုင်းများတွင် လုပ်ကိုင်ဆောင်ရွက်နေသော်လည်း ကိုယ်ပိုင်စိုက်ပျိုးထုတ်လုပ်ခွင့်ရရှိရေး တင်ပြလျှောက်ထားရမည့် အခြေခံအကြောင်းအရင်းကို သိရှိခြင်းမရှိကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဥပဒေအကြောင်း နားလည်သူများ၏ တင်ပြလျှောက်ထားမှုကိုခွင့်ပြုပေးခြင်းသည် ဒေသခံတွေနှင့် ပြဿနာတွေဖြစ်ပေါ်စေခဲ့သည်ဟု ဒေါက်တာအောင်နိုင်ဦးက ဆိုသည်။

ယင်းနှင့်ပတ်သက်ပြီး ဝန်ကြီးဦးထွန်းဌေးက "မွန်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မြေလွတ်မြေလပ်မြေရိုင်းတွေလုပ်ကိုင်ခွင့် တင်ပြလျှောက်ထားရာမှာမည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းများကိုမှ ဦးစားပေးခွင့်ပြုပေးခဲ့ခြင်းမျိုးမဟုတ်ဘဲ ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေးနဲ့ အများအကျိုးထိခိုက်မှုမရှိစေဘဲ ကျေးရွာအဆင့်ရင်းနှီးမြှုပ်နှံမှု ရေရှည်တည်တံ့ရေးကိုရည်ရွယ်ပြီး လုပ်ကိုင်ခွင့်ပြုပေးတာဖြစ်တယ်"ဟု ပြန်လည်ဖြေကြားခဲ့သည်။

ထို့အပြင် အချို့ဒေသတွေမှာ မြစ်ရေကြီးမှုကို နှစ်စဉ်ကြုံတွေ့နေရသည့်အတွက် လုပ်ငန်းလုပ်ကိုင်ရာမှာ အခက်အခဲမျိုးစုံကြုံတွေ့နိုင်သောကြောင့် ငွေကြေးတတ်နိုင်သောသူများနှင့် နည်းပညာပိုင်းကျွမ်းကျင်သူများသာ မြေလွတ် မြေလပ် မြေရိုင်းတွေမှာ လာရောက်လျှောက်ထားလုပ်ကိုင်စေလိုသည်ဟု ဝန်ကြီးက ဆက်လက်ပြောသည်။

မွန်ပြည်နယ်တွင် မြေလွတ်မြေလပ်မြေရိုင်း စုစုပေါင်းဧက ၂၄၀၀၀ ဧကကျော်အား လုပ်ကိုင်ခွင့်ပြုထားပြီး အမှန်တကယ်လုပ်ကိုင်ခြင်းမရှိသည့် မြေလွတ်မြေလပ်မြေရိုင်းဧက ၃၉၀၀ ဧကကျော်အား ၂၀၁၈ ခုနှစ်အတွင်းမှာ အစိုးရအဖွဲ့မှ ပြန်လည်သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(ကိုးကား:-https://www.mizzimaburmese.com)**

---

# စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုညွှန်ချုပ်ကို တာဝန်မှယာယီရပ်စဲ

**ဖေဖော်ဝါရီ ၂၂၊ ၂၀၂၀**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သူရကို တာဝန်က ယာယီရပ်စဲလိုက်သည်ဟု ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ရက်စွဲနဲ့ ပြည်ထောင်စုလွှတ်တော်ရုံးက အမိန့်စာထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၂၀ နှင့် ထုတ်ပြန်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၇၂ အရ ဖေဖော်ဝါရီ ၂၁ ရက် မနက်ပိုင်းကစ၍ တာဝန်က ယာယီရပ်စဲလိုက်သည်ဟု အမိန့်စာမှာ ပါရှိသည်။

"အမိန့်စာထွက်တာက ဟုတ်တယ်။ ဘာကြောင့်ဆိုတာတော့ မသိရသေးဘူး"လို့ လွှတ်တော်ရှိ သတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ဦးကျော်သူရသည် ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် တာဝန်ထမ်းဆောင်သည်မှာ ၃ နှစ်ကျော် ရှိပြီဖြစ်သည်။

၎င်းနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်တချို့နှင့် လွှတ်တော်ရုံးဝန်ထမ်းတချို့က အဂတိတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၉ ခုနှစ်၊ မတ်လက တိုင်တန်းမှုများရှိခဲ့သည်။

တိုင်ကြားမှုကို အဂတိတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတချို့က ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် ကနဦးလာရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ကိုးကား:-http://burmese.dvb.no)**

# တိုင်ကြားစာ၏ ၁၀ ရာခိုင်နှုန်းအား အရေးယူပြီးပြီဟု NLD ပြော

**ဖေဖော်ဝါရီ ၁၈၊ ၂၀၂၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီဝင်များကို တိုင်ကြားသည့်စာများထဲက ၁၀ ရာခိုင်နှုန်းကို အရေးယူပြီးဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်ကြားစာစိစစ်ရေးကော်မတီဥက္ကဋ္ဌဒေါက်တာမျိုးညွန့်က ပြောသည်။

"တိုင်ကြားစာ ၅၀၀ ထဲက ၄၅၀ ကို စိစစ်ပြီးပါပြီ။ ဒီထဲက ၁၀ ရာခိုင်နှုန်းကို အရေးယူပြီးပါပြီ"ဟု ဒေါက်တာမျိုးညွန့်ကဆိုသည်။

ယင်းသို့တိုင်ကြားရာတွင် ပါတီဝင်အချင်းချင်း တိုင်ကြားမှုက အများဆုံးဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးခြင်းပြုလုပ်ရာမှာ သက်ဆိုင်ရာ ရပ်ကျေးပါတီဝင်များကို ခေါ်ယူမှုမပြုခြင်းများကြောင့် တိုင်ကြားမှုများပါဝင်သည်။ ရပ်ကွက်နေပြည်သူများက တိုင်ကြားရာတွင် ဖွံ့ဖြိုးရေးရန်ပုံငွေချမပေးမှုကြောင့် တိုင်ကြားကြပြီး အဂတိလိုက်စားမှုခေါင်းစဉ်ဖြင့် တိုင်ကြားမှုများလည်းရှိကြောင်း သိရသည်။

အဂတိလိုက်စားမှုဖြင့် တိုင်ကြားခံရလျှင် လွှတ်တော်ကိုယ်စားလှယ်သာမက လွှတ်တော်ကိုယ်စားလှယ်နှင့် နီးစပ်သည့်သူများ၏ အဂတိလိုက်စားမှုကို ထည့်သွင်းစဉ်းစားကြောင်း ၎င်းကဆိုသည်။

တိုင်ကြားစာများကို အရေးယူရာတွင် နှုတ်ဖြင့်ခေါ်ယူသတိပေးခြင်း၊ စာဖြင့်ခံဝန်ထိုးခိုင်းခြင်း၊ ပါတီတာဝန် ၆ လ ရပ်ဆိုင်းခြင်း၊ ပါတီတာဝန်ရပ်ဆိုင်းခြင်းနှင့် ပါတီကထုတ်ပယ်ခြင်းများပြုလုပ်ခဲ့ကြောင်း ဒေါက်တာမျိုးညွန့်ကဆိုသည်။ တိုင်ကြားစာများထဲတွင် အရေးယူသည့်အမှုများရှိသလို စည်းကမ်းချက်နှင့်မညီ၍ ပယ်လိုက်ရသည့်စာများနှင့်အမှုပိတ်လိုက်ရသည့် တိုင်ကြားစာများလည်းရှိသည်ဟုဆိုသည်။

လွှတ်တော်ကိုယ်စားလှယ်များအား တိုင်ကြားမှုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို တိုင်ကြားမှုက အများဆုံးဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို တိုင်ကြားမှုက ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးက ပါတီတွင်းတိုင်ကြားမှုအများဆုံးဖြစ်ပြီး ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းများကလည်း တိုင်ကြားမှုများကြောင်း သိရသည်။

တိုင်ကြားစာစိစစ်ရေးကော်မတီ စတင်ဖွဲ့စည်းသည့် ၂၀၁၇ ခုနှစ်မှ ယခုအထိ တိုင်ကြားစာ တစ်ထောင်ကျော်ထဲမှ ကော်မတီမှလက်ခံစိစစ်ရန် စည်းကမ်းချက်နှင့် ကိုက်ညီသည့် တိုင်ကြားစာ ၅၀၀ ခန့်ကိုသာ ရရှိခဲ့ခြင်းဖြစ်သည်။ (ကိုးကား-https://www.mizzimaburmese.com)

---

# သိမ်းဆည်းခံလယ်ယာမြေကိစ္စ မဖြေရှင်းပေးဟုဆိုကာ တောင်သူတစ်ဦးက လွှတ်တော်ကိုယ်စားလှယ်ကို ခြိမ်းခြောက်

**ဖေဖော်ဝါရီ ၂၄၊ ၂၀၂၀**

ဒလမြို့နယ်အတွင်းရှိ သိမ်းဆည်းခံ လယ်ယာမြေများအရေးနှင့် ပတ်သက်၍ မဖြေရှင်းပေးဟုဆိုကာ မြေသိမ်းခံတောင်သူတစ်ဦးက လွှတ်တော်ကိုယ်စားလှယ်များကို သတ်ဖြတ်မည်ဖြစ်ကြောင်း ဖုန်းဖြင့် အကြိမ်ကြိမ်ဆက်သွယ်ခြိမ်းခြောက်နေသည်ဟု ဒလမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်က ပြောသည်။

"သတ်မယ်ဆိုတာချည်းပဲ။ ကိုယ်စားလှယ်တွေကို သတ်မယ်ဆိုပြီး တဖွဖွပြောတယ်။ လူကိုလည်း ကျွန်တော်သိတယ်။ သူ အသိမ်းခံထားရတဲ့ မြေနေရာကိုလည်း သိတယ်။ ကိုယ်စားလှယ်တွေ အခုလိုခြိမ်းခြောက်ခံရတယ်ဆိုရင် ဒါနဲ့ပတ်သက်ပြီး သတိထားဆောင်ရွက်ဖို့ အစိုးရမှာ တာဝန်ရှိလာပြီလို့ပြောချင်တယ်"ဟု ဦးထွန်းရင်က ပြောသည်။

ဒလမြို့နယ်အတွင်း သိမ်းဆည်းခံမြေယာများနှင့်ပတ်သက်၍ နစ်နာကြေးပေးအပ်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စိစစ်ညှိနှိုင်းမှုများရှိခဲ့သော်လည်း လက်ရှိအချိန်အထိ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးကြောင်း ၎င်းကရှင်းပြသည်။

ထို့ကြောင့် နစ်နာသူမြေသိမ်းခံတောင်သူများက လွှတ်တော်ကိုယ်စားလှယ်များအပေါ် ဝေဖန်မှုများရှိလာပြီး လက်ရှိအချိန်တွင် အသက်အန္တရာယ် ခြိမ်းခြောက်ခံရသည်အထိ ဖြစ်လာကြောင်း ဦးထွန်းရင်ကပြောသည်။

ဒလမြို့နယ်မှ သိမ်းဆည်းခံ မြေယာများအရေးနှင့်ပတ်သက်၍ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီသို့ အစီရင်ခံစာတင်သွင်းထားသော်လည်း အကြောင်းပြန်ကြားမှုမရှိသေးကြောင်း ၎င်း က ရှင်းပြသည်။

"အခုပြဿနာက လွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်းမမေးလို့တဲ့။ ဒါက မေးခွန်းလောက်နဲ့ လုံလောက်တဲ့ ကိစ္စမဟုတ်ဘူးဆိုတာ ရှင်းပြတယ်။ လက်မခံဘူး။ ကိုယ်စားလှယ်တစ်ယောက်ကို သတ်ပြီးမှ သိမ်းဆည်းခံလယ်ယာမြေကိစ္စကို မှန်မှန်မဖြေရှင်းလို့ သတ်တယ်ဆိုတာ အကြောင်းပြမယ်လို့ ပြောတယ်"ဟု ခြိမ်းခြောက်ခံရမှုနှင့်ပတ်သက်၍ ဦးထွန်းရင်က ပြောသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်ထံသို့ ဆက်သွယ်ခြိမ်းခြောက်သည်ဟုဆိုသော လက်ကိုင်ဖုန်းနံပါတ်သို့ 7Day News Daily သတင်းစာက ဆက်သွယ်မေးမြန်းရာ ဖုန်းပြန်လည်ဖြေကြားသူ ကိုစောထူးက ၎င်းအနေဖြင့် ခြိမ်းခြောက်ပြောဆိုခဲ့သည်မှာ မှန်ကန်ကြောင်းတုံ့ပြန်သည်။

မြေယာသိမ်းဆည်းခံရမှုများကြောင့် နစ်နာခဲ့သူများကို နစ်နာကြေးအဖြစ် သိမ်းဆည်းခံမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်း ပြန်လည်ပေးအပ်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့သော်လည်း လက်တွေ့အကောင်အထည်ဖော်ခြင်းမရှိ၍ လွှတ်တော်၌ တရားဝင်မေးခွန်းထုတ်ရန် ကိုယ်စားလှယ်ကို တိုက်တွန်းခဲ့ကြောင်း ကိုစောထူးက ပြောသည်။

အထက်ပါခြိမ်းခြောက်မှုနှင့်ပတ်သက်၍ လတ်တလောတွင် အမှုဖွင့်တိုင်ကြားရန်မရှိသေးဘဲ ဆက်လက်စောင့်ကြည့်မည်ဟု ဦးထွန်းရင်ကပြောသည်။

(ကိုးကား-https://7day.news/)